# (၁၉) ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် သဘာပတိကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းပြောကြားမည့်မိန့်ခွန်း

## နေပြည်တော် ၂၀၁၈ ဒီဇင်ဘာလ ၂၈

(၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်ကြီးများအားလုံး၊ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ဟူသော ကာယ၊ စိတ္တသုခနှစ်ဖြာပြည့်စုံပါစေကြောင်း ပထမဦးစွာ ဆုတောင်း မေတ္တာပို့သရင်း မင်္ဂလာနံနက်ခင်းပါလို့နှုတ်ခွန်းဆက်သပါတယ်။

အခုလိုမြန်မာ့တိုင်းရင်းဆေးသမားတော်များသာမကတိုင်းရင်းဆေးနှင့်နီးနွယ်တဲ့ ပညာရှင်များပါ စည်လုံးညီညွတ်စွာတတ်ရောက်လာကြတဲ့ ဒီညီလာခံကြီးမှာ မိမိအနေနဲ့ သဘာပတိအဖြစ် ဆောင်ရွက်ခွင့်ရတဲ့အတွက် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။

မြန်မာ့တိုင်းရင်းဆေးသမားတော်ညီလာခံကို (၂၀၀၀)ပြည့်နှစ်ကစတင်ပြီး နိုင်ငံတော်အဆင့် နှစ်စဉ်မပျက်အောင်မြင်စွာကျင်းပလာခဲ့တာယခုနှစ်ဆိုရင် (၁၉) ကြိမ်မြောက် ကျင်းပနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီလိုအောင်မြင်စွာ ကျင်းပနိုင်ခြင်းဟာ မြန်မာ့တိုင်းရင်းဆေးသမားတော်များ၊ တိုင်းရင်းဆေးပညာရှင်ကြီးများအပြင် တိုင်းရင်းဆေးနဲ့နီးနွယ်တဲ့ အခြားသော ပညာရှင်များရဲ့ အတွေ့အကြုံ၊ အတွေးအခေါ်များကို စေတနာမှန်မှန် အပြည့်သဘောဆောင်ကာအမြင်ခြင်းဖလှယ်ကြတာတွေကြောင့် မြန်မာ့တိုင်းရင်းဆေးပညာဟာ အဖက်ဖက်ကဖွံ့ဖြိုးတိုးတက်ပြီး အဆင့်အတန်းမြင့်မားလာတာတွေ့ရသလို ဆက်လက်ပြီးအောင်မြင်အောင် အထောက်အကူကောင်းတွေလည်းရရှိမှာဖြစ်ပါတယ်။

ယနေ့ခေတ်ကာလဟာနိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ၏ ဘိုးဘွားအမွေအနှစ်ဖြစ်တဲ့တိုင်းရင်းဆေးပညာတွေကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ဖော်ထုတ်ပေးခဲ့ကြပြီး မြန်မာ့တိုင်းရင်းဆေးသမိုင်းအမွေအနှစ် ချန်ရစ်အောင် အားပေးချီးမြှောက်မှုများ ဆောင်ရွက်ပေး

နေပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာကို ပြည်သူလူထုယုံယုံကြည်ကြည် အားကိုး အားထား ပြုလာအောင်နဲ့ ပြည်သူလူထု၏ ကျန်းမာရေးကို တိုင်းရင်းဆေးဖြင့် စောင့်ရှောက်ရာတွင် အဆင့်အတန်းမြင့်မားအောင် ကျယ်ကျယ်ပြန့်ပြန့်ပိုမိုအလေးထားပြီးကြိုးစားဆောင်ရွက်ကြဖို့လည်းလိုအပ်ပါတယ်။ ဒီလိုစောင့်ရှောက်ပေးဖို့အတွက် တိုင်းရင်းဆေးဆရာတွေရဲ့ အရည်အသွေးနဲ့ ဂုဏ်သိက္ခာတွေ တိုးတက်သထက်တိုးတက်လာအောင်နှင့် ကျင့်ဝတ်တွေကိုလည်း လိုက်နာ ဆောင်ရွက်ကြဖို့ အလွန်အရေးကြီးပါတယ်။ ဒါ့ကြောင့် မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ညီလာခံ ကိုယ်စားလှယ်တော်ကြီးများနှင့် တိုင်းရင်းဆေးဆရာကြီးများ တိုင်းရင်းဆေးကို အထောက်အကူပေးနိုင်မယ့်နှီးနွှယ်သောပညာရှင်များစည်းလုံးညီညွတ်စွာလက်တွဲညီညီပူးပေါင်းဆောင်ရွက်ပေးကြပါရန် ဒီနေရာကနေတိုက်တွန်းပါရစေ။

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကိုတက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျာ။

ယခုနှစ်ညီလာခံရဲ့ အဆိုပြုချက်တွေဖြစ်တဲ့၊မြန်မာ့တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးကဏ္ဍနှင့် တိုင်းရင်းဆေးဝါးများ၏ အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များပိုမိုလေ့ကျင့်သင်ကြားမွေးထုတ်ပေးရန်၊တိုင်းရင်းဆေးဖုံများနှင့်ကုထုံးနည်းအသစ်များပေါ်ပေါက်လာစေရေးအတွက် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ရန်၊ ဆေးပညာရပ်ဆိုင်ရာကျင့်ဝတ်များကိုလိုက်နာဆောင်ရွက်စေရန်နှင့်သမားတု၊သမားယောင်များပပျောက်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန်စသည့် လုပ်ငန်းစဉ်များကို တက်ရောက်လာကြသော ပညာရှင်များနှင့် တိုင်းရင်းဆေးပညာရှင်များဝိုင်းဝန်းပူးပေါင်းဆွေးနွေးပြီး တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်နိုင်အောင်ဆောင်ရွက်ကြရန်လိုပါကြောင်းတိုက်တွန်းပါရစေ။

နိဂုံးချုပ်အနေနဲ့ ပြောရမယ်ဆိုရင် ယခု (၁၉) ကြိမ်မြောက် တိုင်းရင်းဆေးသမားတော် ညီလာခံမှမြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်း

တိုးတက်မြင့်မားရေး လုပ်ငန်းများအောင်မြင်စေရန်အတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံးစည်းလုံးညီညွတ်စွာလက်တွဲညီညီဝိုင်းဝန်းကြိုးပမ်းကြစေရန်နှင့်ဘိုးဘွားအမွေအနှစ်ဖြစ်တဲ့ တိုင်းရင်းဆေးပညာရပ်ကို အဆင့်အတန်းမြင့်မားလာအောင် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၊ ကုထုံးများ၊ အာနိသင်ထက်မြက်တဲ့ဆေးဝါးများ ရရှိစေရန်နှင့် သုတေသနလုပ်ငန်းတွေ လုပ်ဆောင်ပြီးအထောက်အထားခိုင်ခိုင်မာမာ ရရှိအောင်ဆောင်ရွက်ကာနောင်မျိုးဆက်သစ်တွေကိုလက်ဆင့်ကမ်းပေးကြဖို့နဲ့ပြည်သူလူထု၏ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့်အဆင့်တန်းမြင့်မြင့်ကျယ်ကျယ်ပြန့်ပြန့်စနစ်တကျစောင့်ရှောက်ပေးကြပါလို့ပြောကြားရင်းနိဂုံးချုပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

DTM